# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

## e-Newsletter

Vol.2 No.11 November

## ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ အထိမ်းအမှတ် ဆွေးနွေးဟောပြောပွဲ ကျင်းပပြုလုပ်



အောက်တိုဘာလ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် (Knowledge Sharing Program) အရ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ အထိမ်းအမှတ်အနေဖြင့် စိတ်ကျန်းမာရေးနှင့် လူ့အခွင့်အရေးခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲကို ၁၀-၁၀-၂၀၂၃ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဟ်လွင်စိန်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့စိတ်ကျန်းမာရေးနေ့အဖြစ် ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့က စတင်သတ်မှတ်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၏ **ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ ဆောင်ပုဒ်မှာ "Mental Health is a Universal Human Rights"** ဖြစ်ပါကြောင်း၊ ထိုနေ့တွင် စိတ်ကျန်းမာရေးနှင့် စပ်လျဉ်းသည့် ဗဟုသုတများ တိုးပွားစေရန် အသိပညာမျှဝေခြင်း(Knowledge Sharing Program) အစီအစဉ်အရ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယခုဟောပြောမည့် အစီအစဉ်မှ စိတ်ကျန်းမာရေးနှင့်လူ့အခွင့်အရေး မည်သို့ဆက်စပ်နေသည်ကို သိရှိရမှာဖြစ်သည့်အတွက် တက်ရောက်လာသူများအနေဖြင့် အကျိုးရှိမှာဖြစ် ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က စိတ်ကျန်းမာရေးနှင့် ပတ်သက်သည့် ကျန်းမာခြင်း၊ စိတ်ကျန်းမာရေး၊ စိတ်အခြေအနေ



ကောင်းမွန်သူများ၊ စိတ်ကျန်းမာရေးပြဿနာ ဖြစ်ရသည့် အကြောင်းရင်းများ၊ စိတ်မကျန်းမာသည့် အမျိုးအစားများ၊ စိတ်ကျန်းမာရေးသည် လူနေမှုဘဝတွင် အရေးပါခြင်း၊ စိတ်ကျန်းမာရေး ပြဿနာဖြစ်ပွားမှု အခြေအနေ၊ သိမ်ငယ်အောင် ပြုမူခြင်းနှင့် ခွဲခြားဆက်ဆံခြင်း၊ စိတ်မကျန်းမာသူများအပေါ် ခွဲခြားဆက်ဆံမှုဥပမာများ၊ စိတ်မကျန်းမာသူများ၏ အခွင့်အရေးများနှင့် စိတ်ကျန်းမာရေးကို လူအများသိနားလည်အောင် စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခြင်း စသည့် ခေါင်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များမှ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ပြန်လည်ဖြေကြားခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အရာထမ်း/အမှုထမ်းများ၊ ကော်မရှင်ရုံးခွဲများမှ အရာထမ်း/အမှုထမ်း (၇၅) ဦး တက်ရောက်ခဲ့ကြပြီး ဆွေးနွေးဟောပြောပွဲအား ၁၁:၄၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးဝန်ထမ်းများအတွက် ၂၀၂၃ ခုနှစ်၊ အခြေခံရုံးလုပ်ငန်းသင်တန်း (ဒုတိယအကြိမ်) ဖွင့်လှစ်ခြင်း



အောက်တိုဘာလ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်းများအတွက် ၂၀၂၃ခုနှစ်၊ အခြေခံရုံးလုပ်ငန်းသင်တန်း (ဒုတိယအကြိမ်) သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ၉-၁၀-၂၀၂၃ ရက်နေ့၊ ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းတက်ရောက်ရမည့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားရာ၌ သင်တန်းဖွင့်လှစ်ရခြင်းသည် ရုံးလုပ်ငန်းသဘောသဘာဝနှင့် ရုံးလုပ်ငန်းတာဝန်များကို သိရှိနားလည်စေဖို့နှင့် ရုံးလုပ်ငန်းများ မှန်မှန်ကန်ကန် မြန်မြန် ဆန်ဆန် ထိရောက်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီးဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ရုံးလုပ်ငန်းသဘောတရား၊ ဝင်စာထွက်စာများ အရေးယူဆောင်ရွက်ခြင်း၊ စာရွက်စာတမ်းများ လုံခြုံစွာကိုင်တွယ် ထိန်းသိမ်းခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်း၊ ပစ္စည်းမှာယူ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း၊ ရုံးစာရေးသားနည်း၊ စာပေးစာယူ၊ မှတ်စုလွှာရေးသားနည်း၊ အစည်းအဝေးကျင်းပခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ခရီးသွားမှတ်တမ်းရေးသားခြင်း၊ လုပ်ငန်းမှတ်တမ်းရေးသားခြင်း၊ လုပ်ငန်းစီမံချက် ရေးသားခြင်း၊



ရုံးလုပ်ငန်းများစစ်ဆေးခြင်း၊ ရုံးလုပ်ငန်းများ ကွပ်ကဲခြင်းစသည့် ဘာသာရပ် (၁၅) ခုကို သင်ကြားသွားမှာဖြစ်ကြောင်း၊ အဆိုပါဘာသာရပ်များသည် ရုံးလုပ်ငန်းများစွမ်းဆောင်ရာတွင် အရေးကြီးသည့်အပြင် ကော်မရှင်၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အရည်အသွေး မြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ အခြေခံသင်တန်းပြီးလျှင်လည်း အခြားစွမ်းဆောင်ရည်မြင့်မားစေမည့် သင်တန်းများဖွင့်လှစ်သွားရန် ရှိပါကြောင်း၊ သင်ကြားပေးမည့် နည်းပြများအနေဖြင့်လည်း အားထုတ်သင်ကြားပေးစေလိုပြီး သင်တန်းသား/သူများအနေဖြင့်လည်း အလေးထားကြိုးစား သင်ယူသွားကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့ပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က သင်တန်းတွင်း လိုက်နာရန်စည်းကမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

အဆိုပါသင်တန်းအား ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများအပါအဝင် သင်တန်းသား အရာထမ်း/ အမှုထမ်း (၁၆) ဦးဖြင့် ၉-၁၀-၂၀၂၃ ရက်နေ့မှ ၂၀-၁၀-၂၀၂၃ ရက်နေ့အထိ (၂) ပတ်ကြာ ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးများ ကျင်းပခြင်း




အောက်တိုဘာလ ၂၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ပုံမှန် အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၂၃) ကို ၂၆-၁၀-၂၀၂၃ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ် တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများကတင်ပြ ဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၂၃) ကို ၅-၁၀-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



## ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု တင်ပြဆွေးနွေးခြင်း အစီအစဉ် ကျင်းပခြင်း



အောက်တိုဘာလ ၁၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေး အသိပညာဗဟုသုတ တိုးပွားလာစေရန်နှင့် အင်္ဂလိပ်စာ စွမ်းရည် တိုးတက်မြင့်မားလာစေရန်အတွက် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေး တင်ပြသည့် အခမ်းအနားကို ၁၉-၁၀-၂၀၂၃ ရက်နေ့ နေ့လယ် ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ Conference Room ၌ Hybrid Format ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အခမ်းအနားတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် အစီအစဉ်အရ ဥပဒေရေးရာဌာနမှ ဦးစီးအရာရှိများ ဖြစ်ကြသော ဒေါ်မေနှင်းသူနှင့် ဒေါ်အေးစန္ဒာမြင့်၊ အကြီးတန်းစာရေး ဒေါ်သဲသဲအောင်နှင့် အငယ်တန်းစာရေး ဦးကျော်ဇင်ဟိန်းတို့က **“Freedom from Torture, UDHR Article 5”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခဲ့ရာ အဆိုပါ ဆွေးနွေးတင်ပြမှုအပေါ် ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် တက်ရောက်လာကြသော ကော်မရှင်အဖွဲ့ဝင်များက လိုအပ်သည်များ ဆွေးနွေးအကြံပြုခဲ့ကြပြီး အခမ်းအနားကို နေ့လယ် ၁၄:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။






## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က မအူပင်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း



အောက်တိုဘာလ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ၁၀-၁၀-၂၀၂၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်ရှိ မအူပင်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်ကို ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းထောင်ရှိ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့် ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်း မှတ်တမ်းတင်ခဲ့ပါသည်။

အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေ ကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ မအူပင်အကျဉ်းထောင် တာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။



ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အရေးယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြု ပေးပို့သွားမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၃)

အောက်တိုဘာလ ၁ ရက်

၁။ အပြည်ပြည်ဆိုင်ရာ သက်ကြီးသူများ နေ့ ပေါ်ပေါက်လာခြင်းသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၅ (၁) အရ အသက်အရွယ်အိုမင်းပြီး မိမိမတတ်စွမ်းနိုင်သော အခြေအနေများကြောင့် အသက်မွေးဝမ်းကြောင်း မပြုနိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှုရပိုင်ခွင့်ရှိ ရမည်ဖြစ်ပါ၍ အသက် ၆၀ နှစ်အထက်ကို သက်ကြီးရွယ်အိုဟု ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က သတ်မှတ်ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၄၅/ ၁၀၆ ဖြင့် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (International Day of Older Persons) ဟု အတည်ပြု သတ်မှတ်ခဲ့ပါသည်။ ၁၉၉၉ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် (International Year of Older Persons – IYOP)" ဟု ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၄၇/၅) ဖြင့် သတ်မှတ်ခဲ့ပြီး ကုလသမဂ္ဂက နှစ်စဉ် သက်ကြီးရွယ်အိုများအတွက် ဦးတည်ချက် ဆောင်ပုဒ်များ သတ်မှတ်ပေးလေ့ရှိရာ ယခုနှစ်ဆောင်ပုဒ်မှာ **"Fulfilling the Promises of the Universal Declaration of Human Rights for Older Persons : Across Generations" (သက်ကြီးသူများဘဝသာယာဖို့ သက်ရွယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့)** ဖြစ်ပါသည်။

၂။ သက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံမှု ရပိုင်ခွင့်များ ရရှိစေရန် ကုလသမဂ္ဂအထွေထွေညီလာခံက (၄၆/၉၁) ဖြင့် ချမှတ်ခဲ့သော အခြေခံမူများမှာ သက်ကြီးရွယ်အိုများသည် စားဝတ်နေရေးနှင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်း ကျန်းမာရေး စောင့်ရှောက်မှုများရရှိခွင့်၊ အခြားဝင်ငွေရှာဖွေနိုင်သည့် အခွင့်အလမ်းများရရှိခွင့်၊ အသင်းအဖွဲ့များတွင် ပါဝင်ဖွဲ့စည်းဆောင်ရွက်ခွင့်၊ ရေရှည်ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့အဖွဲ့အစည်း၏ ပညာရေး၊ ယဉ်ကျေးမှုနှင့် အပန်းဖြေမှုဆိုင်ရာ အရင်းအမြစ်များ ရရှိသုံးစွဲခွင့်၊ လူ့ဂုဏ်သိက္ခာနှင့် လေးစားထိုက်သူများ ဖြစ်စေခွင့် စသည့် အခွင့်အရေးများ ဖော်ပြထားပါသည်။

၃။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်က အိုမင်းမစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု နိုင်ငံတော်၏အခြေခံမူတွင် ဖော်ပြထားသည့်အပြင် သက်ကြီးရွယ်အို အသက်အား ၆၀ နှစ်အထက်ဟု သတ်မှတ်ပြီး အခွင့်အရေးများကိုလည်း သက်ကြီးရွယ်အိုဆိုင်ရာဥပဒေ၌ ဖော်ပြထားပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၆ ခုနှစ်တွင် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (South East Asia National Human Rights Institutions Forum– SEANF) အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ ဖိုရမ်၏ထုတ်ပြန်ချက်တစ်ရပ်ကို ဆောင်ရွက်ခဲ့ပါသည်။

၅။ သက်ကြီးရွယ်အို အရေအတွက် တိုးမြင့်လာသည်နှင့်အမျှ ၎င်းတို့၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်စောင့်ရှောက်ရန် လိုအပ်လာခြင်းကြောင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ ပိုမိုသိရှိကျင့်သုံးလာနိုင်ရေးအတွက် သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်း (Care Giver) သင်တန်းများသို့ သက်ကြီးရွယ်အိုအခွင့်အရေးများ ဘာသာရပ် သင်ခန်းစာ သွားရောက်ပို့ချလျက်ရှိသည့်အပြင် ဘိုးဘွားရိပ်သာများသို့ သွားရောက်၍ ဘိုးဘွားများ၏ အခြေခံလူ့အခွင့်အရေးများ ရရှိခြင်းရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

၆။ အသက်အရွယ်ကြီးရင့်မှုကြောင့် ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ ချန်လှပ်ခြင်းနှင့် အခြားသောလူ့အခွင့်အရေး ချိုးဖောက်မှုများ ကင်းဝေးပြီး အသက်ရှည်ရှည် နေရုံမျှမက ကျန်းမာပျော်ရွှင်သော ဘဝကိုပိုင်ဆိုင်

ကြစေရန် အနာဂတ်မျိုးဆက်သစ် လူငယ်များက သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို မြှင့်တင်ကာ ကွယ်ပေးခြင်းသည် အသက်ကြီးရင့်မှုကို အလေးထားသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကလည်း သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်ရေး ဆက်လက် ဖော်ဆောင်သွားမည် ဖြစ်ပါကြောင်း ယနေ့ ကျရောက်သည့် **အပြည်ပြည်ဆိုင်ရာသက်ကြီးသူများနေ့**တွင် သတင်းထုတ်ပြန်ဖော်ပြအပ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အမျိုးသမီးကလေးများ သင်တန်းကျောင်း (မလိခ) အား ကြည့်ရှုစစ်ဆေးခြင်း



အောက်တိုဘာလ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာ မြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့ သည် ၂၄-၁၀-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ အမျိုးသမီးကလေးများသင်တန်း ကျောင်း (မလိခ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ ပါသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် သင်တန်း ကျောင်းတွင် အမျိုးသမီးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကျန်းမာရေးစောင့်ရှောက် မှုအခြေအနေ၊ အစားအစာ ကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များ ထားရှိမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားရရှိမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ စိတ်ပိုင်း ဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ ကျင့်ပြုစုစောင့်ရှောက်ပေးမှု အခြေအနေနှင့် ပညာသင် ကြားခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြား ခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည် ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက် ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ အမျိုးသမီး ကလေးများသင်တန်းကျောင်း (မလိခ) အား ကြည့်ရှု စစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနသို့ ပေးပို့သွားမည်ဖြစ်ပါသည်။




"The Rights of every man are diminished when the rights of one are threatened."

“လူတစ်ဦးတစ်ယောက်၏ ရသင့်ရထိုက်သော အခွင့်အရေးများကို ခြိမ်းခြောက်ခြင်းသည် လူသားတိုင်း ရပိုင်ခွင့်ရှိသော အခွင့်အရေးများကို ထိခိုက်လျော့ပါးစေခြင်းပင် ဖြစ်သည်။”

JOHN F.KENNEDY


## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာ ပို့ချ



အောက်တိုဘာလ ၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်ဟုန်မြှင့် တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေး ကျောင်း (ဘုရင့်နောင်) တွင်ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၅၂) ၌ ၄-၁၀-၂၀၂၃ ရက်နေ့ နံနက် ၀၇:၄၀ နာရီအချိန်မှ ၁၀:၄၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်မှ လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်ကြီး (၉) ခု အကြောင်း၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများပို့ချခဲ့ပါသည်။ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်)၊ ခြေလျင်တပ်ရင်းမှူး သင်တန်း အမှတ်စဉ် (၅၂) ၌ သင်တန်းသားဦးရေ (၅၉) ဦး တက်ရောက်ခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးဝန်ထမ်းများအတွက် ၂၀၂၃ ခုနှစ်၊ အခြေခံရုံးလုပ်ငန်းသင်တန်း (ဒုတိယအကြိမ်) သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပခြင်း



အောက်တိုဘာလ ၂၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အရာထမ်း/ အမှုထမ်းများအတွက် ၂၀၂၃ ခုနှစ်၊ အခြေခံရုံးလုပ်ငန်းသင်တန်း (ဒုတိယအကြိမ်) သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၀-၁၀-၂၀၂၃ ရက်နေ့၊ ၁၄:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းတက်ရောက်ခဲ့သည့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က သင်တန်းဆင်း အမှာစကားပြောကြားပါသည်။ ထို့နောက် သင်တန်းသားတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားအား ၁၅:၃၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်၏ (၁၂) နှစ်တာ ခရီးစာအုပ် ပြုစုထုတ်ဝေရေးအဖွဲ့ အစည်းအဝေး (၂/၂၀၂၃) ကျင်းပပြုလုပ်ခြင်း



အောက်တိုဘာလ ၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင် သော ကော်မရှင်၏ (၁၂) နှစ်တာခရီးစာအုပ် ပြုစုထုတ်ဝေရေး အဖွဲ့ အစည်းအဝေး (၂/၂၀၂၃) ကို ၄-၁၀-၂၀၂၃ ရက်နေ့၊ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမ တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ (၁၂) နှစ်တာခရီးစာအုပ် ပြုစုထုတ်ဝေရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ အတွင်းရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ယာယီ ဌာနတာဝန်ခံများ တက်ရောက်ကြပါသည်။ ဦးစွာအဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က အဖွင့် အမှာစကား ပြောကြားပြီး ကော်မရှင်၏ (၁၂) နှစ်တာခရီး စာအုပ် ပြုစုထုတ်ဝေရေးအဖွဲ့၊ အတွင်းရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်၏ (၁၂) နှစ်တာခရီး စာအုပ်အတွက် ကော်မရှင်၏ (၁၀) နှစ်တာခရီးစာအုပ် အပေါ်အခြေခံ၍ ဖြည့်စွက်ထားရှိမှုများ၊ မှတ်တမ်းဓာတ်ပုံ များနှင့် ထပ်မံ ဖြည့်သွင်းရန်လိုအပ်သည့် အချက်အလက် များကို တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာန တာဝန်ခံများက ကော်မရှင်၏ (၁၂) နှစ်တာခရီး စာအုပ် တွင် (၁၀) နှစ်တာခရီးစာအုပ်အပေါ်အခြေခံ၍ ဖြည့် သွင်းမည့် အချက်အလက်များ၊ ဌာနအလိုက် ထပ်မံဖြည့် သွင်းမည့် အချက်အလက်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ နောက်ဆက်တွဲတွင် ထည့်သွင်းမည့် အချက်အလက်များ အား ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပါသည်။

ထို့နောက် ကော်မရှင်၏ (၁၂) နှစ်တာခရီးစာအုပ် ပြုစုထုတ်ဝေရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်မှ နိဂုံးချုပ်အမှာ စကားပြောခဲ့ပြီး အစည်းအဝေးကို ၁၆:၂၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

### "Universal Declaration of Human Rights."

**Article 6**

**"Everyone has the rights to recognition everywhere as a person before the law."**

### ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

**အပိုဒ် ၆**

**"လူတိုင်းသည် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် နေရာတိုင်းတွင် အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့် ရှိသည်။"**



## ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



အောက်တိုဘာလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အမှတ်စဉ် (၆/၂၀၂၃) အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာ စကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံးဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

တွေ့ဆုံဆန္ဒ ဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၇၄) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၅:၄၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ဒုတိယလူ့အခွင့်အရေးဦးစီးမှူးရာထူး အရည်အချင်းစစ် စာမေးပွဲ ကျင်းပပြုလုပ်ခြင်း

အောက်တိုဘာလ ၁၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အကြီးတန်းစာရေးနှင့် အငယ်တန်းစာရေးများ ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက် (၂) နှစ်ပြည့်မြောက်ပြီးသူများကို ဒုတိယလူ့အခွင့်အရေး ဦးစီးမှူး ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေး အရည်အချင်း စစ်ရေးဖြေစာမေးပွဲကို ၁၂-၁၀-၂၀၂၃ ရက်နေ့တွင် လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ၁၃-၁၀-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ခဲ့ပြီး ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရည်အချင်းပြည့်မီသူ (၃) ဦးဝင်ရောက်ဖြေဆိုခဲ့ပါသည်။




## ကွန်ပျူတာ ကျွမ်းကျင် မှု စစ်ဆေး ဆောင်ရွက်ခြင်း







အောက်တိုဘာလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ကောမရှင်ရုံးချုပ်နှင့် ရုံးခွဲများတွင် လစ်လပ်လျက်ရှိသော ဒုတိယလူ့အခွင့်အရေး ဦးစီးမှူးရာထူးနေရာများတွင် ခန့်အပ်နိုင်ရေးအတွက် ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အကြီးတန်းစာရေး ၃ ဦးအား Computer ကျွမ်းကျင်မှု စစ်ဆေးခြင်းကို ၁၉-၁၀-၂၀၂၃ ရက်နေ့တွင် လည်းကောင်း၊ ကော်မရှင်ရုံးချုပ်တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိနေရာများတွင် ခန့်အပ်နိုင်ရေးအတွက် ဖြေဆိုသူ ၁၃ ဦးတို့အား Computer ကျွမ်းကျင်မှု စစ်ဆေးခြင်းကို ၃၁-၁၀-၂၀၂၃ ရက်နေ့တွင်လည်းကောင်း e-Government ဌာနမှ ဆောင်ရွက်ခဲ့ပါသည်။

## အကျဉ်းဦးစီးဌာန (နေပြည်တော်) ၌ သင်ခန်းစာ သွားရောက် ပို့ချ



အောက်တိုဘာလ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် (၄၉) နေပြည်တော်တွင် ဖွင့်လှစ်လျက်ရှိသော ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ် (၁၈) ၌ ၂၅-၁၀-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၆:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

သင်တန်းတွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့်သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၂၇) ဦး တက် ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) ၌ သင်ခန်းစာ သွားရောက် ပို့ချ

အောက်တိုဘာလ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်း လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင်ဖွင့် လှစ်လျက်ရှိသော စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၃/၂၀၂၃) ၌ ၃၁-၁၀-၂၀၂၃ ရက်နေ့ ၁၂:၃၀ နာရီမှ ၁၄:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးအသိပညာပေး သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့်သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၁၂၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည်ဖြေကြားခဲ့ပါသည်။



# တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း တိုင်တန်းချက် (၂၄) စောင်၊ ဩဂုတ်လ လက်ကျန် (၂) စောင်၊ စုစုပေါင်း (၂၆) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၄) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၁) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း၊ တိုင်တန်းချက် (၁၈) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီ၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။ စက်တင်ဘာလတွင် တိုင်တန်းချက် လက်ကျန် ၃ စောင်ရှိပါသည်။




စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေးကျင်းပခြင်း

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချ

အောက်တိုဘာလ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာ သင်ကျောင်း (တောင်ငူ) တွင် ဖွင့်လှစ်လျက်ရှိသော ဦးစီးအရာရှိ (စုံစမ်းရေး) လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းအမှတ်စဉ် (၈) ၌ ၁၈-၁၀-၂၀၂၃ ရက်နေ့၊ ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီထိ လူ့အခွင့်အရေး စံတန်ဖိုးများ သင်ခန်းစာ ဘာသာရပ်ကို ပို့ချခဲ့ပါသည်။

သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၁၉) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည် ဖြေကြားခဲ့ပါသည်။

---

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချ



အောက်တိုဘာလ ၁၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် နေပြည်တော်ရှိ Hotel Amara ၌ ကျင်းပပြုလုပ်ခဲ့သော ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသား အဆင့်ကော်မတီက ဖွင့်လှစ်သည့် "ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီး ကာကွယ် ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဝန်ထမ်းများစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း" သို့ ၁၉-၁၀-၂၀၂၃ ရက်နေ့၊ ၁၄:၄၅ နာရီမှ ၁၆:၃၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကိစ္စရပ်များကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ဆွေးနွေး ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၃၀) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း (မင်္ဂလာဒုံ) ၌ သင်ခန်းစာ သွားရောက် ပို့ချ



အောက်တိုဘာလ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်း လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (မင်္ဂလာဒုံ) တွင် ဖွင့်လှစ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၂/၂၀၂၃) သင်တန်း၌ ၂၅-၁၀-၂၀၂၃ ရက်နေ့ ၁၃:၀၀ နာရီမှ ၁၄:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသား ဦးရေ (၁၀၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲတွင် ဒုတိယဆုရ ကာတွန်း




ဦးညီမင်းဂံ

# ENGLISH SECTION

## MNHRC holds Event on Presentation by Division



October 19

Myanmar National Human Rights Commission held the Divisional Presentation Event relating to Human Rights Subjects as 75th Anniversary of the Universal Declaration of Human Rights to improve the knowledge of Human Rights and English proficiency, with Hybrid format at 13:00 on 19 October 2023 at Conference Room of MNHRC. Opening remarks were given by Dr. Nanda Hmun, Vice Chairperson of the MNHRC. Then, Staff Officer Daw May Hnin Thu, Staff Officer Daw Aye Sandar Myint, Senior Clerk Daw Thal Thal Aung and Junior Clerk U Kyaw Zin Hein of the Legal Affairs Division gave a presentation with the titled “Freedom from Torture, UDHR Article 5”. The Vice Chairperson and Commissioners of the Commission made particular comments and suggestions on their presentation. The event was successfully came to an end at 14:30.

## Myanmar National Human Rights Commission Statement No. (10/2023)

October 1

1. The United Nations and the World Health Organization have acknowledged individuals aged 60 years and above as older persons, as per Article 25 (1) of the Universal Declaration of Human Rights which affirms that everyone has the right to security if they become old and lack of livelihood in circumstances beyond his control and October 1st was approved as International Day of Older persons through Resolution (47/5), the United Nations General Assembly designated the year 1999 as the

"International Year of Older Persons–IYOP". Regularly, the United Nations sets a specific theme for the elderly each year, and for this year, the chosen theme is "Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations".

2. The fundamental principles adopted by the United Nations General Assembly in Resolution 46/91 to safeguard the rights of the elderly and ensure their security of life include the right of the elderly to access food, physical and mental healthcare; access to additional income–earning opportunities; the right to participate in societal associations; education for long–term life development; access to cultural and recreational resources; and rights to live with human dignity and the right to be treated with respect.

3. In Myanmar, the Constitution of the Union underscores the responsibility of the State to provide care for the elderly. Furthermore, the Elderly People Law sets the age for classifying individuals as elderly at 60 years and above and outlining their rights.

4. In 2016, the Myanmar National Human Rights Commission, while serving as the rotating Chair of the Southeast Asia National Human Rights Institutions Forum (SEANF), released a forum statement regarding the rights of the elderly.

5. As the number of elderly people increases, it becomes necessary to promote and protect their rights. Therefore, the Myanmar National Human Rights Commission is conducting lectures on elderly rights in caregiver courses to raise awareness. The MNHRC also inspected the homes for the aged to ascertain whether the elders have basic human rights.

6. The younger generation must promote and protect the rights of the elders to enable them not only long life but also a happy and healthy existence without encountering discrimination, negligence, isolation and other forms of human rights violations. On the occasion of the International Day of Older Persons, the Myanmar National Human Rights Commission would like to express its desire to continue to promote and protect the rights of the elderly.

## Inspection Visit to Maubin Prison by MNHRC



October 10

The inspection team, led by Commissioner U Kyaw Soe from the Myanmar National Human Rights Commission, inspected the Maubin Prison in Maubin Township, Ayeyarwaddy Region, on 10 October 2023 in accordance with Section 43 and Section 44 of MNHRC Law.

The inspection team inspected the Maubin Prison according to MNHRC law and procedures whether the prisoners and detainees enjoy the fundamental rights, including appropriate food supply, access to healthcare and provision of adequate purified water. The inspection team inquired the prisoners in order to ensure that they get their personal items and items sent by families and whether there were human rights violations and torture cases in the prison.



The inspection team also inspected the dormitories, clinic, library, kitchen, food store, water purifier, water sanitation system of the prison.

Besides, MNHRC donated 50 books for the prisoners.

MNHRC will send recommendations to the relevant departments for necessary action based on the findings during inspection.

## Field Visit to Training School for Girls by MNHRC



October 24


The inspection team, led by Commissioners U Kyaw Soe, Dr. Than Myint and Dr. Myint Thu Myaing from the Myanmar National Human Rights Commission, inspected the Training School for Girls in Mayangone Township, Yangon Region on 24 October 2023.

The inspection team inspected the Training School for Girls (Malikha) in accordance with the MNHRC Law and procedures whether the girls who in the Training School can get fundamental rights including the status of Covid–19 vaccination and healthcare services, food supply, adequate dormitories, availability of Citizenship Scrutiny Card, provision of purified drinking water, support programme for physical and mental development, as well as the right to education, vocational trainings, communication with their families, reintegration with their families, and freedom of religion.

MNHRC will send recommendations to the relevant development on the findings during the inspection visits.




## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)



October 4

Myanmar National Human Rights Commission is encouraging to promote public awareness of human rights through the provision of information and education by all means as much as possible under Section 22 (a) of the Myanmar National Human Rights Commission Law and is also gearing itself up for more activities of human rights promotion and education on the 75th anniversary of Universal Declaration of Human Rights.

Dr.Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the Commission office, gave lectures on human rights at the Battalion Commander Training Course No. (52) held at Myanmar Army Combat Force School (Bayintnaung) on 4 October 2023 from 7:40 am to 10:40 am. In doing so, Commissioner Dr. Than Myint delivered the lecture on Human Rights Concept and Director U Zaw Lwin Htoo gave the lectures on Universal Declaration of Human Rights, 9 Core Conventions, the Organization and Functions of Myanmar National Human Rights Commission. A total of 59 army officers attended the above-mentioned course.



## MNHRC Gives Human Rights Lecture at the Prison Department (Naypyidaw)



October 25

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Zaw Lwin Htoo, the Director of the Commission office, gave lectures on human rights at Superintendent Course No. (18) held at the Prison Department Office No. (49) Naypyidaw on 25 October 2023 from 12:00 to 16:00. In doing so, Director U Zaw Lwin Htoo delivered the lectures on Human Rights Concept, Universal Declaration of Human Rights and Organization and Functions of Myanmar National Human Rights Commission. Afterwards the lecturer answered the questions asked by the trainees. A total of 27 officers attended the above-mentioned course.

## MNHRC Gives Human Rights Lecture at Detective Training School (Insein)

October 31

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Zaw Lwin Htoo, the Director of the Commission office, gave the lectures on human rights at the Detective Officer Training Course (193/2023) held at Detective Training School (Insein) on 31 October 2023 from 12:30 to 14:55. In doing so, Director U Zaw Lwin Htoo delivered the lectures on Human Rights Concept, Universal Declaration of Human Rights and Organization and Functions of Myanmar National Human Rights Commission. Afterwards the lecturer answered the questions asked by the trainees. A total of 120 officers attended the above-mentioned course.



## Status of Handling Complaints

During September 2023, MNHRC received 24 Complaints on the violations addressed to the Commission and 2 complaints remain in August. The complaint investigation team held 4 complaint screening meetings for examining the total of 26 complaints. 4 cases were referred to the relevant departments and on 1 case, the complainant was advised on more appropriate remedies. 18 Cases which were not within the competence of the Commission were put on record in accordance with the section 32 (c), 37 (a) of MNHRC law and not appropriate of Complaints . 3 Letters of complaint remain in September.

## MNHRC Gives Human Rights Lectures at Investigation Training School (Taungoo) of the Bureau of Special Investigation

October 18

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Deputy Director Daw Mi Mi Khaing gave lectures on human rights at Capacity Building Course for Investigator No. (8) held at Investigation Training School (Taungoo) of Bureau of Special Investigation on 18 October 2023 from 13:00 to 15:50. In doing so, Deputy Director Daw Mi Mi Khaing delivered the lecture on Human Rights Norms. Afterwards the lecturer answered the questions asked by trainees. A total of 19 staff officers attended the above–mentioned course.

## MNHRC Gives Human Rights Lecture at Ministry of Social Welfare, Relief and Resettlement

October 19

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Daw Mi Mi Khaing, the Deputy Director of the Commission office, gave a lecture on human rights at "Capacity Building Training for the staff who related to Preventing for and Response to Sexual Violence during the Conflict" held at the Hotel Amara (Nay Pyi Taw) on 19



October 2023 from 14:45 to 16:30. In doing so, Deputy Director Daw Mi Mi Khaing discussed the matter of prevention for and response to sexual violence during the conflict from the perspective of human rights. Afterwards the lecturer answered the questions asked by the trainees. A total of 30 officials attended the above-mentioned course.

## MNHRC Gives Human Rights Lecture at Institute of Development Administration (Mingaladon)



October 25

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Daw Mi Mi Khaing, the Deputy Director of the Commission office, gave lectures on human rights at Administration officer Grade (1) Training Course (2/2023) held at Institute of Development Administration (Mingaladon) of General Administration Department on 25 October 2023 from 13:00 to 14:50. In doing so, Deputy Director Daw Mi Mi Khaing delivered the lectures on Human Rights Concept, Universal Declaration of Human Rights and Organization and Functions of Myanmar National Human Rights Commission. Afterwards the lecturer answered the questions asked by the trainees. A total of 100 officers attended the above-mentioned course.

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း-၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း-၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm